ပုဒ်မ(၁)မှ(၁၄)အထိ ပယ်ဖျက်ပြီးဖြစ်ပါသည်။

**အသင်းနှင့်မတရားအသင်းအဓိပ္ပာယ်ဖွင့်ဆိုချက်**

၁၅။ (၁) အသင်းဆိုသည်မှာ သီးခြားအမည်တစ်ခုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆက်စပ်ပေါင်းစည်းသည့် လူ့အဖွဲ့အစည်းအရုံး သို့မဟုတ် လူ့အဖွဲ့အစည်းကိုဆိုသည်။

(၂) မတရားအသင်းဆိုသည်မှာ အောက်ပါအသင်းအဖွဲ့တစ်ခုခုကိုဆိုသည်-

(က) အကြမ်းဖက်မှုကိုဖြစ်စေ၊ ခြိမ်းခြောက်မှုကိုဖြစ်စေ ကျူးလွန်ရန်အားပေးသည့် သို့မဟုတ် ကူညီသည့်အသင်း၊ သို့မဟုတ် အသင်းအဖွဲ့ဝင်များက အဆိုပါအပြုအမူကို ကျူးလွန်လေ့ရှိသောအသင်း။

(ခ) နိုင်ငံတော်သမ္မတက ဤဥပဒေဖြင့် အပ်နှင်းသောအာဏာအရ မတရားအသင်းအဖြစ် ကြေညာထားသောအသင်း။

မှတ်ချက်(၁) ပုဒ်မ-၁၅(၂)(ခ)အရ မတရားအသင်းအဖြစ် မကြေညာသော်လည်း ပုဒ်မ ၁၅(၂)(က)နှင့် အကျုံးဝင်သက်ဆိုင်လျှင် မတရားအသင်း ဖြစ်သည်။

မှတ်ချက်(၂) မည်သည့်လက်နက်ကိုင်ဆောင် သောင်းကျန်းသူမဆို ကြေညာထားခြင်း မရှိလင့်ကစား ပုဒ်မ-၁၅(၂)(က)အရ မတရားအသင်း မြောက်ခြင်း။

**မတရားအသင်းအဖြစ်ကြေညာပိုင်ခွင့်**

၁၆။ တရားဥပဒေစိုးမိုးရေးကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ နှောက်ယှက်သည်ဟု သို့မဟုတ် နှောက်ယှက်ရန် ရည်ရွယ်သည်ဟုသော်လည်းကောင်း၊ အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေသည်ဟုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတကထင်မြင်လျှင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မတရားအသင်းကြေညာနိုင်သည်။

**ပြစ်ဒဏ်များ**

၁၇။ (၁) မည်သူမဆို မတရားအသင်း အသင်းဝင်ဖြစ်လျှင် သို့မဟုတ် ထိုအသင်း အစည်းအဝေးတစ်ခုခု၏ အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ ထိုအသင်းတစ်ခုခုကိုစွအတွက် ငွေကြေးထောက်ပံ့လျှင်၊ လက်ခံ ရယူလျှင် သို့မဟုတ် တောင်းခံလျှင်သော်လည်းကောင်း ထိုသူသည် (၂)နှစ်ထက်မနည်း (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ကျခံစေရမည်။

၁၇။ (၂) မည်သူမဆို မတရားအသင်းကို စီမံအုပ်ချုပ်လျှင် သို့မဟုတ် မတရားအသင်း၏ စီမံအုပ်ချုပ်မှုတွင် ကူညီလျှင်သော်လည်းကောင်း၊ ထိုအသင်းတစ်ခုခု၏ အစည်းအဝေး သို့မဟုတ် အသင်းဝင်များ၏ အစည်းအဝေးဖြစ်မြောက်ရေးအတွက် ဆော်ဩ ကမကထပြုလျှင် သို့မဟုတ် ကူညီလျှင်သော်လည်းကောင်း ထိုသူသည် ထောင်ဒဏ်(၃)နှစ်ထက်မနည်း (၅)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ကျခံစေရမည်။

၁၈။ အသင်းတစ်ခုသည် အမည်ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း၊ လုပ်ရိုးလုပ်စဉ်ပြုရုံမျှဖြင့် ရပ်စဲပြီဟုမမှတ်ယူဘဲ အသင်းအတွက် အသင်းသားများ မတရားအသင်း ရည်ရွယ်ချက်အတွက် ပူးပေါင်းလုပ်ဆောင်နေသမျှကာလပတ်လုံး မတရားအသင်း ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ဟု မှတ်ယူရမည်။